# ၁၉၅၄ ခုနှစ်၊ သင်္ဘောသွားလာမှု အုပ်ချုပ်ရေးအက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၀။]*

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

အမည်တို့၊ တည်ရာနယ်အဝန်း၊ အာဏာ တည်သည့် နေ့ရက်နှင့် ကာလအပိုင်းအခြား။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ သင်္ဘောသွားလာမှု အုပ်ချုပ်ရေးအက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတဝန်းလုံးနှင့်သက်ဆိုင်ရမည့်ပြင်၊ မည်သည့် နေရာတွင်မဆိုရှိသည့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောသင်္ဘောများနှင့်၎င်း၊ ထိုသင်္ဘောများပေါ်ရှိလူများနှင့်၎င်း သက်ဆိုင်ရမည်။

(၃) ဤအက်ဥပဒေသည် နိုင်ငံတော် သမတ က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်မှစ၍၊ ထိုအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်ထိ အာဏာတည်ရမည်။

အဓိပ္ပါယ်ပိုင်းခြား ဖော်ပြချက်။

၂။ ။ဤအက်ဥပဒေတွင် ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်ကိုထောက်ထားရန်မလိုလျှင်—

(က) "နိုင်ငံတော်သမတ" ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာ နိုင်ငံတော်သမတ ကိုဆိုလိုသည်။

(ခ) "မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းရေကြောင်းသယ်ယူပို့ဆောင်မှု"ဆိုသည်မှာ၊ ခရီးသည်များ၊ကိုဖြစ်စေ၊ကုန်စည်များကိုဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဆိပ်ကမ်းတခုမှတခုသို့၊ သို့တည်းမဟုတ် တနေရာမှတနေရာသို့ရေကြောင်းဖြင့် သယ်ယူပို့ဆောင်မှုကိုဆိုလိုသည်။

(ဂ) "သင်္ဘောဝန်ကြီး" နှင့်" ခရီးသည်"ဟူသောစကားရပ်များ၏အဓိပ္ပါယ်မှာ၊ မြန်မာနိုင်ငံ ကုန်သင်္ဘောအက်ဥပဒေ (The Burma Merchant Shipping Act)တွင် ဖော်ပြထားသည့် ထိုစကားရပ်အသီးသီး၏အဓိပ္ပါယ်အတိုင်းဖြစ်ရမည်။

(ဃ) "သင်္ဘောပိုင်ရှင်"ဆိုသည်တွင်၊ သင်္ဘောပိုင်ရှင်၏ ကိုယ်စားလှယ်ပါဝင်သည်။

(င) "ပြဋ္ဌာန်းသည်"ဆိုသည်မှာ၊ ပုဒ်မ ၁၀ အရပြုသည့်နည်းဥပဒေများဖြင့်ပြဋ္ဌာန်းသည်ကို ဆိုလိုသည်။

(စ) "သင်္ဘော" ဆိုသည်တွင်၊ စုစုပေါင်းမှတ်ပုံဝင် တန်ချိန်တရာအောက်ရှိ သင်္ဘောသော်၎င်း၊ ရွက်သင်္ဘောသော်၎င်း မပါဝင်ချေ။

အသိုး—၁၅ ပြား]

(ဆ) "အာဏာပိုင်" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ အာဏာပိုင်၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရန်၊ နိုင်ငံတော်သမတ က အမိန့်ကြော်ငြာစာဖြင့် အာဏာအပ်နှင်းထားသည့် ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အရာရှိတဦးဦးကို ဆိုလိုသည်။

**လိုင်စင်များ။**

၃။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော မည်သည့်သင်္ဘောကိုမျှ၊ ဤပုဒ်မအရ၊ အာဏာပိုင်က ထုတ်ပေးသည့် ခိုင်လုံသော လိုင်စင်မရရှိဘဲ၊ ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်း၊ သို့တည်းမဟုတ် ပြင်ပရှိ ဆိပ်ကမ်းတခုခုမှ၊ သို့တည်းမဟုတ် တနေရာရာမှ ပင်လယ်သို့ ထွက်ခွါမသွားစေရ။

(၂) ဤပုဒ်မအရ လိုင်စင်ကို၊ သာမန်လိုင်စင်အဖြစ်ဖြင့်သော်၎င်း၊ သီးခြား ဖေါ်ပြထားသည့် ရေကြောင်းခရီးသွားလိုင်စင်အဖြစ်ဖြင့်သော်၎င်း ထုတ်ပေးနိုင်သည်။

(၃) သာမန်လိုင်စင်သည်၊ ၎င်းကိုထုတ်ပေးသော အာဏာပိုင်က မရုပ်သိမ်းသေးသမျှ ကာလပတ်လုံး အတည်ဖြစ်ရမည်။ သီးခြား ဖေါ်ပြထားသည့် ရေကြောင်းခရီးသွား လိုင်စင်သည်၊ ၎င်းကိုထုတ်ပေးသည့် သီးခြားရေကြောင်း ခရီး အတွက်သာ အတည်ဖြစ်ရမည်။

(၄) ဤပုဒ်မအရ ထုတ်ပေးသည့်လိုင်စင်တွင်၊ သင်္ဘောကဆောင်ရွက်သည့် သယ်ယူပို့ဆောင်မှုနှင့်၎င်း၊ သင်္ဘောသွားလာသည့် ရေကြောင်း ခရီးများနှင့်၎င်း စပ်လျဉ်း၍၊ လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်က ညွှန်ကြားရန်သင့်သည် ထင်မြင်သည့် ကန့်သတ်ချက်များနှင့် စည်းကမ်းချက်များကို ထည့်သွင်းနိုင်သည်။ အဆိုပါ ကန့်သတ်ချက်များနှင့် စည်းကမ်းချက်များကို၊ မည်သည့်နေရာတွင်မဆိုရှိသည့်၊ သို့တည်းမဟုတ် သီးခြားဖေါ်ပြထားသော ပင်လယ်ရေကြောင်းတွင်ရှိဆဲဖြစ်သည့်၊ သို့တည်းမဟုတ် သီးခြားဖေါ်ပြထားသော သယ်ယူပို့ဆောင်မှုကို ဆောင်ရွက်ဆဲဖြစ်သည့်၊ သို့တည်းမဟုတ် သီးခြားဖေါ်ပြထားသော ရေကြောင်းခရီးတွင် သွားလာဆဲဖြစ်သည့် သင်္ဘောနှင့်သက်ဆိုင်စေရန် ညွှန်ကြားနိုင်သည်။

(၅) လိုင်စင်အတည် ဖြစ်ခြင်းမှရပ်စဲသည့်အခါ လိုင်စင်ရရှိသူသည်၊ ထိုလိုင်စင်ကို အကြောင်းမဲ့နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ၊ လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်ထံ ပြန်အပ်ရမည်၊ သို့တည်းမဟုတ် ပြန်အပ်စေရမည်။

**ပြည်ထောင်စု မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်း ရေကြောင်း သယ်ယူ ပို့ဆောင်မှုလိုင်စင်များ။**

၄။ ။(၁) မည်သည့်သင်္ဘောမျှ၊ ဤပုဒ်မအရ အာဏာပိုင်က ထုတ်ပေးသည့် ခိုင်လုံသော လိုင်စင် မရရှိဘဲ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်း ရေကြောင်း သယ်ယူပို့ဆောင်မှုကို မဆောင်ရွက်ရ။

(၂) ဤပုဒ်မအရ လိုင်စင်ကို၊ သာမန် လိုင်စင်အဖြစ်ဖြင့်သော်၎င်း၊ သီးခြားဖေါ်ပြထားသည့်ရေကြောင်းခရီးသွားလိုင်စင်အဖြစ်ဖြင့်သော်၎င်း၊ သီးခြားဖေါ်ပြထားသည့် ကာလအပိုင်းအခြားအတွက်လိုင်စင်အဖြစ်ဖြင့်သော်၎င်း ထုတ်ပေးနိုင်သည်။ ထိုလိုင်စင်သည်၊ ၎င်းကိုထုတ်ပေးသော အာဏာပိုင်က သီးခြားဖေါ်ပြထားသည့်စည်းကမ်းချက်များနှင့်မဆန့်ကျင်ရ။

(၃) အာဏာပိုင်သည်၊ ဤပုဒ်မအရထုတ်ပေးသောလိုင်စင်ကို၊ အကြောင်းလုံလောက်သည်ဟုယူဆလျှင်အချိန်မရွေးရုပ်သိမ်းနိုင်သည်။ သို့တည်းမဟုတ်ပယ်ဖျက်နိုင်သည်၊ သို့တည်းမဟုတ် ပြင်ဆင်နိုင်သည်။

လိုင်စင် မတင်ပြလျှင်၊ ဆိပ်ကမ်းမှ ထွက်ခွင့်လက်မှတ်ထုတ်မပေးရ။

၅။ ။မြန်မာနိုင်ငံ ကုန်သင်္ဘော အက်ဥပဒေပုဒ်မ ၁၂၇ ပါပြဋ္ဌာန်းချက်များကိုမထိခိုက်စေဘဲ၊ မည်သည့် အကောက်တော်အရာရှိမျှ၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောသင်္ဘောကိုသော်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်း ရေကြောင်းသယ်ယူပို့ဆောင်မှုကို ဆောင်ရွက်သည့်သင်္ဘောကိုသော်၎င်း၊ ထိုသင်္ဘောနှင့်စပ်လျဉ်း၍၊ ဤအက်ဥပဒေအရ ထုတ်ပေးသည့်ခိုင်လုံသောလိုင်စင်ကိုသင်္ဘောပိုင်ရှင်က၊ သို့တည်းမဟုတ် သင်္ဘောသူကြီးက မတင်ပြသေးသမျှကာလပတ်လုံး ဆိပ်ကမ်းမှ ထွက်ခွင့်လက်မှတ်ထုတ်မပေးရ။

ညွှန်ကြားချက်များ ထုတ်ဆင့်နိုင်သည့်အာဏာ။

၆။ ။(၁) ပုဒ်မ ၃ နှင့် ပုဒ်မ ၄ အရ၊ သင်္ဘောတစင်းစင်းနှင့်စပ်လျဉ်း၍၊ လိုင်စင် ထုတ်ပေးသည့် အာဏာပိုင်က၊ လိုင်စင်အတည်ဖြစ်ဆဲအတွင်း၊ အောက်ပါအကြောင်းအရာများနှင့်စပ်လျဉ်း၍၊ အခါအားလျော်စွာ အမိန့်စာဖြင့် ညွှန်ကြားချက်များထုတ်ဆင့်နိုင်သည်။

(က) ကိစ္စတခုခုအတွက် သင်္ဘောသွားရမည့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၊ သို့တည်းမဟုတ်ပြင်ပရှိဆိပ်ကမ်းများ၊ သို့တည်းမဟုတ်နေရာများ၊ ထို့ပြင်ခရီးလမ်းစဉ်များ။

(ခ) သင်္ဘောတွင် သယ်ယူပို့ဆောင်နိုင်သည့် ခရီးသည်၊ သို့တည်းမဟုတ် ကုန်စည်အမျိုးအစားများ။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၊ သို့တည်းမဟုတ် ပြင်ပရှိမည်သည့်ဆိပ်ကမ်း၊သို့တည်းမဟုတ် မည်သည့်နေရာ၌မဆို၊သင်္ဘောပေါ်သို့ဖြစ်စေ၊ သင်္ဘောပေါ်မှဖြစ်စေ၊ ခရီးသည်များ၊ သို့တည်းမဟုတ် ကုန်စည်များတင်ချရန် ဦးစားပေးအစီအစဉ်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ဆိပ်ကမ်းတခုမှတခုသို့၊ သို့တည်းမဟုတ် တနေရာမှတနေရာသို့သွားမည့် ပြည်ထောင်စုမြန်မာနိုင်ငံပြင်ပတွင် မှတ်ပုံတင်ထားသော သင်္ဘောတစင်းစင်းနှင့် သက်ဆိုင်သည့်သာမန်၊ သို့တည်းမဟုတ် အထူးညွှန်ကြားချက်များကို၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် အဆိုပါဆိပ်ကမ်း၊ သို့တည်းမဟုတ် နေရာရှိ ထိုသင်္ဘောပေါ်သို့ ခရီးသည်များ၊ သို့တည်းမဟုတ် ကုန်စည်များတင်ဆောင်ရန် ဦးစားပေးအစီအစဉ်နှင့်စပ်လျဉ်း၍၊ နိုင်ငံတော်သမ္မတ က၊ သို့တည်းမဟုတ် အာဏာပိုင်တဦးဦးက၊ အမိန့်စာဖြင့်အခါအားလျော်စွာထုတ်ဆင့်နိုင်သည်။

ခြွင်းချက်။ ။သို့ရာတွင်ဤပုဒ်မခွဲအရ ထုတ်ဆင့်သော ညွှန်ကြားချက် များသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိဆိပ်ကမ်းတခုခု၊ သို့တည်းမဟုတ်တနေရာရာမှ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ဆိပ်ကမ်းတခုခု၊ သို့တည်းမဟုတ် တနေရာရာသို့၊ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ တင်ဆောင်ခြင်းမပြုသည့် အဆိုပါသင်္ဘောတစင်းစင်းနှင့်မသက်ဆိုင်ရ။

သင်္ဘော တင်ဆောင်ခ နှုန်းများသတ်မှတ်ရန် အာဏာ။

၇။ ။နိုင်ငံတော်သမတသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောသင်္ဘောတစင်းစင်း၌ ငှါးရန်နှုန်းများကိုရင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော သင်္ဘောဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ အဆိုပါသင်္ဘောဖြင့်ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ဆိပ်ကမ်းတခုမှတခုသို့၊ သို့တည်းမဟုတ်တနေရာမှတနေရာသို့ ခရီးသည်များ၊ သို့တည်းမဟုတ် ကုန်စည်များသယ်ယူပို့ဆောင်သည့်အတွက် တောင်းခံနိုင်သည့်နှုန်းများကိုရင်း၊ ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်းအခါအားလျော်စွာ မြန်တမ်းတွင် အမိန့်ထုတ်ပြန်၍သတ်မှတ်နိုင်သည်။

သတင်းပေးရန် ဆင့်ဆိုနိုင်သည့်အာဏာ။

၈။ ။အာဏာပိုင်သည်လူတဦးတယောက်ကိုစေလွှတ်၍ဖြစ်စေ၊ စာပို့တိုက်မှဖြစ်စေ၊ ချအပ်သည့်နို့တစ်စာဖြင့်—

(က) ဤအက်ဥပဒေအရ အာဏာပိုင်က၊ သင်္ဘောနှင့်စပ်လျဉ်း၍၊ ထုတ်ပေးသည့် တည်ဆဲလိုင်စင်နှင့်သက်ဆိုင်သောသင်္ဘောတစင်းစင်း၏ သင်္ဘောသူကြီးကိုဖြစ်စေ၊ သင်္ဘောပိုင်ရှင်ကိုဖြစ်စေ၊ သို့တည်းမဟုတ်

(ခ) ပုဒ်မ ၆၊ ပုဒ်မခွဲ (၂) အရ သင်္ဘောနှင့်စပ်လျဉ်း၍၊ ထုတ်ဆင့်ပြီးဖြစ်သည့်၊ သို့တည်းမဟုတ် ထုတ်ဆင့်နိုင်သည့် ညွှန်ကြားချက်များနှင့် သက်ဆိုင်သော သင်္ဘောတစင်းစင်း၏ သင်္ဘောသူကြီးကိုဖြစ်စေ၊ သင်္ဘောပိုင်ရှင်၏၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ကိုယ်စားလှယ်ကိုဖြစ်စေ

အောက်ပါကိစ္စ တရပ်ရပ်နှင့် စပ်လျဉ်း၍၊ နို့တစ်စာတွင် သီးခြား ဖေါ်ပြထားသည့် ကာလအတွင်း သတင်းပေးရန် ဆင့်ဆိုနိုင်သည်။

(၁) သီးခြားဖေါ်ပြထားသည့် ကာလအပိုင်းအခြားအတွင်း၊ သင်္ဘောဖြင့် သယ်ယူပို့ဆောင်မည့်၊ သို့တည်းမဟုတ် သယ်ယူပို့ဆောင်နိုင်သည့်၊ သို့တည်းမဟုတ် သယ်ယူပို့ဆောင်ခဲ့သည့်ခရီးသည်နှင့် ကုန်စည်အမျိုးအစားများ။

(၂) သင်္ဘောနှင့်သက်ဆိုင်သည့် ခရီးသည်နှင့် ကုန်စည် တင်ဆောင်ခနှုန်းများ။

(၃) ပြဋ္ဌာန်းနိုင်သည့်အခြားကိစ္စတရပ်ရပ်။

ပြစ်ဒဏ်များနှင့် လိုက်နာရန် ကျင့်ထုံး။

၉။ ။(၁) ပုဒ်မ ၃၊ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက် များကိုရင်း၊ ပုဒ်မ ၇ အရ ထုတ်ပြန်သည့် အမိန့် တရပ်ရပ်၏ ပြဋ္ဌာန်းချက်များကိုရင်း ဤအက်ဥပဒေအရ ထုတ်ပေးသည့် လိုင်စင်တွင်ပါရှိသောကန့်သတ်ချက်၊ သို့တည်းမဟုတ် စည်းကမ်းချက်တရပ်ရပ်ကိုရင်း၊ ပုဒ်မ ၆ အရထုတ်ဆင့်သည့်ညွှန်ကြားချက်တရပ်ရပ်ကိုရင်း၊ သင့်လျော်သော အကြောင်းပြချက်မရှိဘဲ၊ ကျူးလွန်လျှင်၊ ထိုသို့ကျူးလွန်သည့်သင်္ဘော၏ သင်္ဘောသူကြီးနှင့် သင်္ဘောပိုင်ရှင်တို့သည်၊ သို့တည်းမဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံ ပြင်ပတွင် မှတ်ပုံတင်ထားသော သင်္ဘောဖြစ်လျှင်၊ သင်္ဘောပိုင်ရှင်၏ပြည်ထောင်စု မြန်မာနိုင်ငံ

အတွင်းရှိ ကိုယ်စားလှယ်သည် ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ အသီးသီးစီရင်ခြင်းခံရမည်။

(၂) ပုဒ်မ ၈ အရ နို့တစ်စာချုအပ်ခြင်း ခံရသူ မည်သူမဆို လိုအပ်သော သတင်းကို ဒ်ီးခြားဖော်ပြထားသည့် အချိန်အတွင်း ပေးရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် အဆိုပါ သတင်းပေးရာ၌၊ အရေးကြီးသောအချက် တရပ်ရပ်တွင်၊ မဟုတ်မမှန်ကြောင်း မိမိသိလျက်နှင့် ဖော်ပြ ထွက်ဆိုလျှင်၊ ထိုသူသည် ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

(၃) လိုင်စင်တခုခု အတည်ဖြစ်ခြင်းမှ ရပ်စဲပြီးနောက် သင့်လျော်သည့် ကာလအပိုင်းအခြားအတွင်း၊ လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်ထံသို့ ထိုလိုင်စင်ကို ပြန်မအပ်လျှင်၊ လိုင်စင်ရသူသည် ကျပ်တရာထိ ငွေဒဏ်စီရင်ခြင်းခံရမည်။

(၄) ခရိုင်ရာဇဝတ်တရားသူကြီးရုံး၊ သို့တည်းမဟုတ် ဖဌမတန်း ရာဇဝတ်တရားသူကြီးရုံးအောက်နိမ့်သောမည်သည့်တရားရုံးကမျှ၊ ဤပုဒ်မအရ အပြစ်ပေးနိုင်သောပြစ်မှုတခုခုကို စစ်ဆေး စီရင်ခြင်းမပြုရ။

(၅) ဤပုဒ်မအရ အပြစ်ပေးနိုင်သည့် ပြစ်မှုကို ကျူးလွန်သူသည်၊ ကုမ္ပဏီ၊ သို့တည်းမဟုတ်အခြားတရားဝင်အဖွဲ့ဖြစ်လျှင်၊ ထိုကုမ္ပဏီ၏၊ သို့တည်းမဟုတ် ထိုအဖွဲ့၏ စီမံအုပ်ချုပ်သူ ဒါရိုက်တာလူကြီး၊ မန်နေဂျာအတွင်းရေးမှူး၊ အခြားအရာရှိ၊ သို့တည်းမဟုတ် ကိုယ်စားလှယ် အသီးသီးသည်၊ ပြစ်မှုမကျူးလွန်ရအောင် မိမိကလုံ့လစိုက်ထုတ်နိုင်သမျှ စိုက်ထုတ်၍ တားဆီးပိတ်ပင်ကြောင်းကို သက်သေထင်ရှား မပြနိုင်လျှင်၊ အဆိုပါပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

နည်းဥပဒေများ ပြုရန်အာဏာ။

၁၀။ ။(၁) နိုင်ငံတော် သမတသည်၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန် အလို့ငှါ၊ အမိန့် ကြော်ငြာစာဖြင့် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်သည်။

(၂) အထက်ကဖော်ပြခဲ့သောအာဏာ၏ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အထူးအားဖြင့် အဆိုပါနည်းဥပဒေများကို၊ အောက်ပါကိစ္စ တရပ်ရပ်အတွက်ပြဋ္ဌာန်းနိုင်သည်။

(က) ဤအက် ဥပဒေအရ ထုတ်ပေးသောလိုင်စင်ပုံစံများ။

(ခ) ပုဒ်မ ၇ အရ နှုန်းများကို သတ်မှတ်ရမည့် နည်းလမ်း၊ အဆိုပါ နှုန်းများနှင့် စပ်လျဉ်း၍၊ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရအား အကြံဉာဏ်ပေးရန်အဖွဲ့ ဖွဲ့စည်းပုံနှင့်၊ အဖွဲ့၏ အလုပ်ဝတ်တရားများ။

(ဂ) ပုဒ်မ ၈ အရ သတင်းများပေးရန် လိုအပ်သောကိစ္စများ။

ပ၊မ၊ဗ၊စ၊—အမှတ် ၁၃၀၊ တရားရေးဝန်ကြီးဌာန၊ ၃-၅-၅၄—၂,၀၀၀—၂။